တင်ဒါအောင်မြင်သူအမည်ကြေညာခြင်း

အလုပ်သမားဝန်ကြီးဌာနသည် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်ခဲ့သည့် အလုပ်သမားများအနက် အလုပ်လုပ်ကိုင်မှု သက်တမ်း ၄ နှစ်ပြည့်မြောက်ပြီးသည့် အလုပ်သမားများကို ထိုင်းနိုင်ငံတွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေး MoU U-turn စခန်း ၂ ခုအား ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တို့တွင် ဖွင့်လှစ်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အတွက် လုပ်ငန်းအထောက်အကူပြုအဖွဲ့ ရွေးချယ်နိုင်ရေး တင်ဒါကော်မတီ၏ အိတ်ဖွင့်တင်ဒါစိစစ်ခြင်းကို နေပြည်တော်ရှိ၊ ရုံးအမှတ်(၅၁)၌ ကျင်းပပြုလုပ်ခဲ့ရာ မြဝတီမြို့ရှိ MOU U-turn စခန်းအတွက် Poe Poe and Phyo Thandar Tun Family Co.,Ltd နှင့် ကော့သောင်းမြို့ရှိ MOU U-turn စခန်းအတွက် Star Yadanar Co.,Ltd တို့အား တင်ဒါအောင်မြင်သူများအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါအောင်မြင်သူအမည်ကြေညာခြင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ကိုရီးယားသမ္မတနိုင်ငံသို့သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအတွက် တူညီဝတ်စုံ (ဦးထုပ်၊ ရှပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ဂျာကင်အင်္ကျီ) အစုံ(၅,၀၀၀)ချုပ်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး၊ အထည်ချုပ်ကျွမ်းကျင်ပညာရှင် (၂)ဦးပါဝင်ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနတင်ဒါကော်မတီ၏ အိတ်ဖွင့်တင်ဒါဈေးနှုန်းစိစစ်ခြင်းကို နေပြည်တော်ရှိ၊ ရုံးအမှတ်(၅၁)၌ ကျင်းပပြုလုပ်ခဲ့ရာ အထည်အရည်အသွေးနှင့် ဈေးနှုန်းသင့်တော်သည့် ကိုင်ရိုအထည်ချုပ်လုပ်ငန်းအား တင်ဒါအောင်မြင်သူအဖြစ် ၂၈-၉-၂၀၂၀ ရက်နေ့တွင် ရွေးချယ်သတ်မှတ်ခဲ့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။